# မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ

## ကြေညာချက်အမှတ် (၁/၂၀၂၄)

## CPD Providers အဖြစ် မှတ်ပုံတင်အသိအမှတ်ပြုလက်မှတ် လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာချက်

၁။ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ၏ လိုင်စင်ရသူနာပြုသားဖွားများသည် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီနည်းဥပဒေပုဒ်မ(၄၅) ပုဒ်မခွဲ(က)ပါပြဋ္ဌာန်းချက်များအရ လိုင်စင်သက်တမ်းတိုးခြင်းကိုသူနာပြု သားဖွား လိုင်စင်သက်တမ်း မကုန်ဆုံးမီရက်(၆၀) ကြိုတင်၍ (၂)နှစ်လျှင် တစ်ကြိမ် (CPD) Points များဖြင့် အထောက်အထားများ တင်ပြကာ လျှောက်ထားရမည်ဖြစ်ပါသည်။

၂။ သို့ပါ၍ တင်ပြရမည့် CPD Points များဖြည့်ဆည်းရန်အတွက် စဉ်ဆက်မပြတ် လေ့လာသင်ယူမှု အစီအစဉ် (CPD Program) များကို သင်ကြားပို့ချပေးမည့် (CPD Provider) အဖြစ်ဆောင်ရွက်လိုသည့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနရှိ ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ သူနာပြုတက္ကသိုလ်များ၊ သူနာပြုသားဖွား သင်တန်းကျောင်းများ၊ ကျန်းမာရေးဝန်ကြီးဌာနအသိအမှတ်ပြု သူနာပြုသားဖွားဆိုင်ရာ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကဆေးရုံများအနေဖြင့် အဖွဲ့အစည်းလိုက်ဖြစ်စေ၊ သူနာပြုသားဖွားကျွမ်းကျင်သူ အုပ်စု/တစ်ဦးချင်းဖြစ်စေ CPD Provider အဖြစ်မှတ်ပုံတင်ပြီး အသိအမှတ်ပြု လက်မှတ်ရရှိရန် မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီသို့ လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာ အပ်ပါသည်။ သင်ကြားပို့ချရေးတွင် အဓိကဦးဆောင်မည့် ပုဂ္ဂိုလ်သည် အောက်ဖော်ပြပါ အချက်အလက်များနှင့် ကိုက်ညီရန်လိုအပ်ပါသည်။

- မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီမှ သက်တမ်းရှိလိုင်စင်ကိုင်ဆောင်ထားသူဖြစ်ခြင်း။
- သူနာပြုပညာအရည်အချင်း အနည်းဆုံး B.N.Sc ဘွဲ့ရရှိသူဖြစ်ခြင်း၊ သူနာပြုသားဖွားဒီပလိုမာလက်မှတ် ရရှိသူဖြစ်ပါက အထူးကုသူနာပြု လက်မှတ်တစ်ခုခုရရှိထားသူဖြစ်ခြင်း၊
- မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီက ချမှတ်ထားသော ကျင့်ဝတ် (Ethics) များကို လိုက်နာ စောင့်ထိန်းသူဖြစ်ခြင်း

၃။ CPD Provider အဖြစ် မှတ်ပုံတင် အသိအမှတ်ပြု လက်မှတ်ရရှိရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၉-၄၄၈၅၄၂၃၂၉၊ ၀၉-၅၁၈၇၄၃၉ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ